# ရန်ကုန်မြို့ပြသုံး မြန်မာဘာသာစကားကို လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာချက်

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း


မတင်တင်ချို



မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၆ခုနှစ်၊ ဇွန်လ

## ကျမ်းအကျဉ်းချုပ်

ရန်ကုန်မြို့ပြဘာသာစကားကို လူမှုဘာသာဗေဒရှုထောင့်မှလေ့လာရာတွင် အခန်း(၃)ခန်းခွဲ၍ လေ့လာတင်ပြထားပါသည်။ အခန်း(၁)သည် လူမှုဘာသာဗေဒလေ့လာမှုနယ်ပယ်ဖြစ်ပြီး ဤအခန်းတွင် လူမှုဘာသာဗေဒဖွင့်ဆိုချက်နှင့်သဘောတရားများ၊ ရန်ကုန်မြို့၏တည်နေရာအကျယ်အဝန်း၊ မြို့ပြ ဘာသာစကားလေ့လာမှုနှင့် လူမှုဒေသိယအကြောင်းတို့ကို တင်ပြထားပါသည်။ အခန်း(၂)သည် ရန်ကုန်မြို့ပြဘာသာစကားလေ့လာချက်ဖြစ်ပါသည်။ ဤအခန်းတွင် ရန်ကုန်မြို့ပြလူမှုဒေသိယခေါင်းစဉ်ဖြင့် လေ့လာမည့်လူမှုအစုအဖွဲ့ကို အမျိုးအစား(၃)မျိုးခွဲခြားထားပါသည်။ ပထမအမျိုးအစားအစုအဖွဲ့တွင် အသက်အရွယ်အလိုက် ဘာသာစကားအသုံးပြုပုံကို ရန်ကုန်မြို့ပြလူငယ်လူရွယ်သုံးဝေါဟာရလေ့လာချက်အဖြစ်လည်းကောင်း၊ ဒုတိယအစုအဖွဲ့အဖြစ် အသက်မွေးဝမ်းကျောင်းအလိုက် ဘာသာစကားအသုံးပြုပုံကို လုပ်ငန်းခွင်သုံးဝေါဟာရများလေ့လာချက်အဖြစ်လည်းကောင်း၊ တတိယအစုအဖွဲ့အဖြစ် ပညာရေးလောကအတွင်းဝေါဟာရများအသုံးပြုပုံကိုလည်းကောင်း လေ့လာတင်ပြ ထားပါသည်။ ထိုသို့လေ့လာရာတွင် အစုအဖွဲ့အလိုက်ပြောဆိုသုံးစွဲနေသော ဝေါဟာရများတွင် လူမှု သဘောထားများ၊ လုပ်ငန်းခွင်အခြေအနေများ၊ ပညာရပ်သဘောထားများ ထင်ဟပ်ပါရှိနေသည်ကို အခန်း(၃) ခြုံငုံသုံးသပ်ချက်ကဏ္ဍတွင် လေ့လာတင်ပြထားပါသည်။